မြန်မာ) Burmese

# ကျွန်ုပ်တို့၏အကြောင်း

## ကြိုဆိုပါတယ်။

The Department of Parks, Recreation and Waterfront (ပန်းခြံများ၊ အပန်းဖြေ နှင့် ကမ်းနား ဆိုင်ရာဌာန) က Burlington ရှိ ပန်းခြံ ၃၅ ခု ကျော်၊ ကွင်းပြင် ဧက ၅၅၀ ကျော်၊ ပြည်သူပိုင်ကမ်းခြေ ၄ ခု၊ လမ်းဘေး သစ်ပင်များနှင့် မြက်ခင်းပြင်များ၊ ရပ်ကွက်ဥယျာဉ်များ၊ သင်္ချိုင်း ၃ ခု၊ Miller Recreation Center Leddy Ice Arena၊ Champlain Senior Center၊ North Beach Campground၊ ရပ်ကွက် ဘုတ်ဟောက်စ် မရီနာနှင့် အပန်းဖြေအစီအစဉ်အားလုံး။

## မစ်ရှင် ဖော်ပြချက်

မျိုးကွဲပြား လှုပ်ရှားပြောင်းလဲနေသည့် အများပိုင်နေရာများနှင့် အစီအစဉ်များကို ကုန်းမြေ၊ ရေ နှင့် လူများမှတဆင့် ပေါင်းစည်းထည့်သွင်းပေးသော အပြန်အလှန် လူမှုဆက်ဆံရေးများ တိုးတက်ကြီးထွားလာအောင်၊ အားကျလာအောင် နှင့် ဖန်တီးနိုင်အောင် ချိတ်ဆက်ပေးရန်။

## မျိုးကွဲပြားမှုနှင့် သာတူညီမျှ တိုးတက်ကြီးထွားမှု မျှော်မှန်းချက်

ပေါင်းစည်းထည့်သွင်းသော ဆုံးဖြတ်ချက်ချမှတ်ရေးနှင့် အသိစိတ်ဖြင့် နေ့စဉ်လှုပ်ရှားဆောင်ရွက်မှုများမှတဆင့် သာတူညီမျှရှိမှုကို ထွေးပွေ့ကြိုဆိုသော ကူညီပံ့ပိုးပြီး အပြုသဘောဆောင်သည့် (အလုပ်ခွင်) ဝန်းကျင်တစ်ခု။

## ဌာနမှ တန်ဖိုးထားသည့်အချက်များ

**လက်လှမ်းမီ အသုံးပြုနိုင်မှု** - ဖန်တီးတင်ဆက်မှု အားလုံးအတွက် အများသုံး ဒီဇိုင်း အခြေခံသဘောတရားများနှင့် ငွေကြေးနှင့်ပတ်သက်၍ အကင်းပါးသိရှိမှု။

**သမာဓိရှိမှု** - ပြည်သူအများကြား ကျွန်ုပ်တို့၏အလုပ်ကို လုပ်ကိုင်ရင်း ဖော်ထုတ်ခဲ့သော ယုံကြည်မှု။

**ယုံကြည် အားကိုးနိုင်မှု** - ဝန်ဆောင်မှု ဦးတည်အလေးပေးပြီး ဖောက်သည်ဝန်ဆောင်မှုအပေါ် တုံ့ပြန်ဆောင်ရွက်မှု။

**ကျန်းမာရေးနှင့် ရှင်လန်းရေး** - လှုပ်ရှားတက်ကြွ၊ ကျန်းမာပြီး ဟန်ချက်ညီသော လူနေမှုဘဝပုံစံအပေါ် အာရုံစိုက်မှု။

**အဖွဲ့လိုက်လုပ်ဆောင်မှု/မိတ်ဖက်လုပ်ဆောင်မှု** - ကျွန်ုပ်တို့၏ အသိုင်းအဝိုင်းနှင့် လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် ညှိနှိုင်းဆောင်ရွက်ရန် ကတိကဝတ်။

**ပေါင်းစည်းထည့်သွင်းမှု** - ယဉ်ကျေးမှု အမျိုးအစားပေါင်းစုံကို ပြုစုပျိုးထောင်ခြင်း။

**ကြီးကြပ်အုပ်ချုပ်မှု** - အများသုံး ဝန်ဆောင်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ပတ်ဝန်းကျင်တစ်ခုအတွက်။

**အရည်အသွေး** - ကျွန်ုပ်တို့လုပ်ဆောင်သမျှအရာအားလုံးတွင်။

ခွဲခြားဆက်ဆံမှု မပြုရေးအတွက် မြို့တော်လုံးဆိုင်ရာမူဝါဒ - Burlington မြို့တော်အနေဖြင့် နိုင်ငံရေး သို့မဟုတ် ဘာသာရေး ဆက်နွယ်မှု၊ လူမျိုး၊ ဇာတိနိုင်ငံ၊ မွေးဇာတိ၊ မျိုးရိုး၊ အသက်အရွယ်၊ လိင်၊ လိင်တိမ်းညွတ်မှု၊ ကျားမ ခွဲခြားဖော်ပြမှု၊ လက်ထပ်ထိမ်းမြားမှု အဆင့်အတန်း၊ စစ်မှုထမ်းဟောင်း အဆင့်အတန်း၊ မသန်းစွမ်းမှု၊ HIV ပိုးရှိမှု အဆင့်အတန်း၊ ရာဇဝတ်မှုတွင်း သားကောင်းဖြစ်မှု အဆင့်အတန်း သို့မဟုတ် မျိုးရိုးဗီဇဆိုင်ရာ အချက်အလက်များအပေါ် အခြေပြုပြီး ဥပဒေနှင့်မလျော်ညီသော နှောင့်ယှက်မှု သို့မဟုတ် ခွဲခြားဆက်ဆံမှုကို သည်းညည်းခံမည်မဟုတ်ပါ။ မြို့တော်က ဝန်ဆောင်မှုများ၊ အစီအစဉ်များနှင့် အလုပ်အကိုင် အခွင့်အလမ်းများကို သင့်လျော်စွာ ရယူအသုံးချနိုင်မှု ပေးအပ်ရန် ကတိကဝတ်ပြုထားပါသည်။ ရယူအသုံးချနိုင်မှုဆိုင်ရာ အချက်အလက် သို့မဟုတ် အစားထိုးပုံစံများရရှိရန် လူသားရေးရာ ရင်းမြစ်များဌာနအား ဖုန်းနံပါတ် (802) 540-2505 တွင် ကျေးဇူးပြု၍ ဆက်သွယ်ပါ။

# ပန်းခြံများအတွင်း စည်းမျဉ်းများနှင့် စည်းကမ်းများ

တည်နေရာတစ်ခုစီတိုင်းတွင် သီးခြား စည်းမျဉ်းများနှင့် စည်းကမ်းများ ရှိနိုင်သည့်အတွက် အဆိုပါဧရိယာအတွက် တင်ထားသည့် လက္ခဏာဆိုင်းဘုတ်များကို ကျေးဇူးပြု၍ စစ်ဆေးပါ။ အထွေထွေ စည်းမျဉ်းအချို့ကို အောက်တွင်ဖော်ပြထားပါသည်။ **အသေးစိတ် အချက်အလက်အပြည့်အစုံ သိရရန် City Ordinances of Burlington (Burlington ၏ မြို့တော်ဥပဒေများ) အားလုံးကို အလုမ်းမီရယူရန်အတွက် ကျေးဇူးပြု၍ ဤနေရာ တွင်နှိပ်ပေးပါ။**

## မြက်ခင်းပြင်ပေါ်တွင်လိုက်နာရမည့် ကျင့်ဝတ်

- **ဘေးအန္တရာယ်ကင်းရှင်းသော အရှိန်နှုန်းကို ထိန်းသိမ်းထားပါ။** လူကျပ်သည့်ဧရိယာများတလျှောက် ဖြည်းဖြည်းစီးပါ။ အချို့အပိုင်းများတွင် လမ်းကြောင်းက လူအနည်းငယ် ထူထပ်နိုင်ကြောင်း ကျွန်ုပ်တို့ သိရှိပါသည်။
- **စက်ဘီးစီးသူများအနေဖြင့် လမ်းလျှောက်သူများကို ဦးစားပေးရမည်ဖြစ်သည်။** ခြေကျင်လျှောက်သူများထံတွင် အချိန်မရွေး ဦးစားပေးအခွင့်အရေးရှိပြီး စက်ဘီးစီးသူများနှင့် အခြားသယ်ယူပို့ဆောင်ရေး နည်းလမ်းသုံးသူများအားလုံးအနေဖြင့် လမ်းသွားလမ်းလာများ အနီးတစ်ဝိုက်တွင်ရှိချိန်၌ အစဉ်သတိထားသင့်ပါသည်။
- **စက်ဘီးစီးသူများအနေဖြင့် ရှေ့နောက် တစ်စီးချင်း** စီးနှင်သင့်ပါသည်။ မျှဝေမှုသည် ဂရုစိုက်မှုဖြစ်ပြီး လမ်းသွာလမ်းလာများနှင့် နေရာကိုမျှဝေရန် အကောင်းဆုံးနည်းလမ်းမှာ ရှေ့နောက် တစ်စီးချင်း စီးနှင်ခြင်းဖြစ်ပါသည်။ ကျော်တက်ရန် လိုအပ်ပါက ဘေးအန္တရာယ်ကင်းကြောင်း အရင်ဆုံး သေချာအောင်လုပ်ပါ။ သင်သည် လမ်းကြောတစ်ခုတည်းရှိသည့် လမ်းမပေါ်တွင် ကားတစ်စီး မောင်းနှင်နေသလိုသာဖြစ်ပြီး ဘေးန္တရာယ်ကင်းကြောင်း သင် သိရှိမှုသာ အလယ်မျဉ်းကို ဖြတ်သင့်ပါသည်။
- **စက်ဘီးစီးသူများအနေဖြင့် ကျော်တက်ချိန်တွင် အခြားသူများကို သတိပေးသင့်သည်။** ၀သင့်ရဲ့ဘယ်ဖက်ကနေ ကျော်နေတယ်၀ ဟုပြောခြင်းနှင့် သင့်ထံတွင် ဘဲလ်ရှိပါက ("passing on your left")၎င်းကိုတီးခြင်းတို့က အကောင်းဆုံးအလေ့အထများ ဖြစ်ပါသည်။ လမ်းသွားလမ်းများနှင့် စက်ဘီးအများစုတွင် နောက်ကြည့်မှန် မပါရှိသည့်အတွက် ဤသို့လုပ်ခြင်းက သင့်ရှေ့တွင်ရှိသူများအား သင်ဘာလုပ်မည်ဆိုသည်ကို သိရှိစေပါသည်။
- **ယာဉ်စည်းကမ်းလက္ခဏာများအတိုင်း လိုက်နာပါ။** စက်ဘီးစီးသူများအနေဖြင့် မီးပွိုင့်များနှင့် ရပ်ရန် လက္ခဏာများ၊ လမ်းကြောတွင်း ပေါင်းဝင်ခြင်း နှင့် လမ်းသွားလမ်းလာ ဖြတ်ကူးရန်နေရာများကဲ့သို့သော လက္ခဏာများအတိုင်း လိုက်နာရမည်။ ယင်းသို့လုပ်ဆောင်ခြင်းက လူတိုင်းကို ဘေးအန္တရာယ်ကင်းစေပြီး မည်သူက ဦးစားပေးဆိုသည်ကို နားလည်သဘောပေါက်မှုတွင် တသမတ်တည်း ဖြစ်စေပါသည်။
- **ခွေးလမ်းလျှောက်ပေးကြသူများအနေဖြင့် ခွေးများကို လည်ပတ်ကြိုးတိုတိုထားပေးရန်**နှင့် စက်ဘီးစီးသူများနှင့် အခြား လမ်းကြောင်းသုံးသူများ၏ သွားရာလမ်းမှ ဝေးရာတွင်ထားပါ။ **သင့်ခွေး အလေးစွန့်ပြီးနောက် ယင်းကိုကောက်သိမ်းပေးရန် သတိရပါ။** မစင်ကို ကောက်သိမ်းပေးခြင်းက မြက်ခင်းပြင်နှင့် ရေကန်ကို သန့်ရှင်းအောင်ထားရာ၌ ကူညီပေးပါသည်။

- **စီးနှင်ချိန်တွင် ဘေးအန္တရာယ်ကင်းပါစေ။** စက်ဘီး၊ စကူတာနှင့် ရိုလာဘလိတ်များ စီးနှင်ချိန်တွင် စက်ဘီးစီး ဟဲလ်မက်ဦးထုပ်တစ်လုံးနှင့် အကာအကွယ်ပေးသည့် အသုံးအဆောင်များကို ဝတ်ဆင်ထားပါ။ ညအချိန် စီးနှင်ပါက စက်ဘီးစီးမီးများကို အသုံးပြုပါ။

## ကျေးဇူးပြု၍ ကျွန်ုပ်တို့၏ ပန်းခြံကို ဂရုစိုက်စောင့်ရှောက်ပေးပါ။

- မည်သည့် ပန်း၊ သစ်သီး သို့မဟုတ် သစ်ရွက်ကိုမျှ မခူးရ သို့မဟုတ် သစ်ပင် သို့မဟုတ် ပုံဖော်တည်ဆောက်ထားသည့်အရာများကို ဖွဲ့ရှဲ့ခြင်း သို့မဟုတ် ထိခိုက်ပျက်စီးအောင် မပြုလုပ်ရပါ။
- အမှိုက်မပစ်ပါနှင့်
- ပန်းခြံများတွင်းသို့ ဖန်ပုလင်းများ မယူလာပါနှင့် (North Beach တွင် စခန်းချချိန်မှလွဲပြီး)
- North Beach စခန်းချမြေနေရာမှလွဲပြီး မည်သည့်နေရာတွင်မျှ စခန်းမချရ
- ဗျောက်အိုး၊ မီးရှူးမီးပန်းများ မဖောက်ပါနှင့်
- ပန်းခြံများတွင်းသို့ လက်နက်များ မယူလာရ
- မီးပုံမဖိုပါနှင့် (မြို့တော် ဥပဒေအရ မြို့တော်အတွင်း မည်သည့် မီးပုံအမျိုးအစားကိုမှ ခွင့်မပြုပါ)
- သတ်မှတ်ထားသည့် ခွေးများအတွက် ပန်းခြံဧရိယာများမှလွဲပြီး ခွေးများကို ပြေးလွှားလွှတ်မထားပါနှင့်
- ကလေးကစားကွင်းများ၊ အမိုးအကာများ၊ ကမ်းခြေများ၊ နေစာလှုံသည့်နေရာများ သို့မဟုတ် အားကစားကွင်းများအတွင်း ဆေးလိပ်မသောက်ရ
- Oakledge Park၊ North Beach သို့မဟုတ် Leddy Beach အတွင်းရှိ အများပိုင်ကမ်းခြေများပေါ်သို့ ခွေးများ မခေါ်လာပါနှင့်

## ခွင့်ပြုချက်ပါမစ်များ လိုအပ်နိုင်ပါသည်

အကယ်၍ အောက်ပါအခြေအနေများမှ တစ်ခု သို့မဟုတ် ပို၍ ရှိနေပါက ပန်းခြံအထူးသုံးစွဲခွင့် ပါမစ်တစ်ခုလိုအပ်ပါသည်။

- လူအယောက် နှစ်ဆယ် (၂၀) အဖွဲ့တစ်ခု အနေဖြင့် ပန်းခြံတွင်းရှိ ဧရိယာ သို့မဟုတ် အဆောက်အအုံတစ်ခုကို သုံးစွဲလိုပါက။
- ပန်းခြံဧရိယာ သို့မဟုတ် အဆောက်အအုံတစ်ခုအား သီးခြားအချိန် နှင့် နေ့ရက်တစ်ခု သို့မဟုတ် ဆက်တိုက်အစီအစဉ်ပုံစံတစ်ခုဖြင့် ကြိုတင်တောင်းခံခြင်းနှင့် အထူးသုံးစွဲခြင်း
- အများပြည်သူအတွက် ဖွင့်ပေးထားသောပွဲအစီအစဉ်တစ်ခုအတွက် ပန်းခြံဧရိယာ သို့မဟုတ် အဆောက်အအုံကို အသုံးပြုခြင်း
- စီးပွားရေး သို့မဟုတ် ရန်ပုံငွေမြှင့်တင်ရေး ရည်ရွယ်ချက်အတွက် ပန်းခြံဧရိယာ သို့မဟုတ် အဆောက်အအုံကို အသုံးပြုခြင်း
- လူများ သို့မဟုတ် အဖွဲ့များအား ပါဝင်ရန် သို့မဟုတ် ကြည့်ရှုရန် အခကြေးငွေ ကောက်ခံသည့် အားကစားပြိုင်ပွဲများ သို့မဟုတ် ပွဲအစီအစဉ်များ
- အလှူငွေများ သို့မဟုတ် အခကြေးများကို ကောက်ခံသည်ဖြစ်စေ မကောက်ခံသည်ဖြစ်စေ ဖျော်ဖြေသူများအတွက် ပန်းခြံဧရိယာကို အသုံးပြုခြင်း

## ပန်းခြံများနှင့် ကမ်းခြေများတွင်း ခွေးများခေါ်ယူခြင်း

- ကျွန်ုပ်တို့၏ ပန်းခြံများနှင့် အများပိုင်နေရာများတွင်းသို့ ခွေးများကို ခေါ်ယူခွင့်ပြုသော်လည်း **လည်ပင်းချည်ကြိုးဖြင့် ကိုင်ဆွဲထားရမည်။**

- ကျွန်ုပ်တို့၏ အများဆိုင် ရေကူးနိုင်သည့် ကမ်းခြေများ (Oakledge/Blanchard၊ Leddy၊ North Beach)ပေါ်သို့ ခွေးများကို ခေါ်ယူခွင့်မပြုပါ။
- သင့်ခွေးငယ်လေးကို ခေါ်ယူနိုင်သည့် နေရာများအကြောင်း ပိုမိုလေ့လာရန်။

## ခွေးများအတွက် ပန်းခြံစည်းမျဉ်းများ

နေထွက်မှ နေဝင်ချိန်အထိ ဖွင့်ပါသည်

လူများအတွက် စည်းမျဉ်းများ -

- ခွေးများအတွက် ပန်းခြံအတွင်း သင့်အချိန်ကို ကြည်နူးခံစားလိုက်ပါ။ လူတိုင်းအား လေးစားသမှု ပြသပြီး အိမ်နီးချင်းကောင်းတစ်ယောက် ဖြစ်ပါစေ။
- သင့်ခွေး (များ) အတွက် သင့်ထံတွင် တာဝန်ရှိပါသည်
- ဤဧရိယာကို သန့်ရှင်းအောင်ထားပြီး သင့်ခွေး အလေးစွန့်ပြီးနောက်တွင် ကောက်သိမ်းရန် ကူညီပေးပါ။ ———————————————အမှိုက်များကို အမှိုက်ပုံးတွင်း ထည့်ပေးပြီး အခြားနေရာများတွင် အမှိုက်မပစ်ပါနှင့်။
- ခွေးများအားလုံးနှင့် အသက် ၁၂ နှစ်အောက် ကလေးအားလုံးအနေဖြင့် အသက် ၁၈ နှစ် သို့မဟုတ် အထက်ရှိသော အရွယ်ရောက်လူကြီးတစ်ဦးမှ အဖော်လိုက်ပေးရမည်။
- ပိုင်ရှင်တစ်ဦးလျှင် ခွေး သုံး (၃)ကောင် အထိသာ ကန့်သတ်ထားပါသည်။
- ဥပဒေအရ သင့်ခွေး၏ လိုင်စင်နှင့် ကာကွယ်ဆေးထိုးထားကြောင်း ထင်သင်မြင်သာရှိအောင်ထားပါက အကောင်းဆုံးဖြစ်ပါသည်။
- ဤဧရိယာသည် ခွေးများ လေ့ကျင့်ခန်းလုပ်ရန်အတွက်သာ ဖြစ်ပါသည်။
- ကျေးဇူးပြု၍ အစားအစာနှင့် ခွေးအတွက် ဆုချသည့်မုန့်များကို အိမ်တွင်ထားခဲ့ပါ။
- ခွေးများကို အသံဖြင့်ထိန်းချုပ်ထားရမည်။ ———————————————ခွေးလည်ပတ်ကြိုးကို အချိန်ပြည့် ကိုင်ထားရမည်။
- ခွေးများ တူးဆွခြင်းကို ခွင်မပြုပါနှင့်။ သတ်မှတ်ထားသည့်နေရာတွင် ———————————————တူးနိုင်ပါသည်။ ၎င်းတို့ တူးခဲ့သည့်တွင်းမှန်သမျှကို ပြန်ဖြည့်ပေးပါ။
- ခွေးငယ်များအတွက် ဧရိယာတွင်းသို့ ခွေးကြီးများ မခေါ်ရပါ။
- ကြမ်းတမ်း/ရန်လိုသောခွေးများ သို့မဟုတ် မိတ်လိုက်ချိန်ရောက်နေသည့် ခွေးမများကို ခေါ်ယူခွင့်ခွင့်မပြုပါ။
- ပန်းခြံတွင်း ဖန်ထည် ပစ္စည်းယူဆောင်ခြင်း သို့မဟုတ် ဆေးလိပ်သောက်ခြင်း ခွင့်မပြုပါ။
- ခွေးကိုက်မှုမှန်သမျှကို Burlington ရဲဌာနသို့ ချက်ချင်း အစီရင်ခံတိုင်ကြားရမည် - (802) 658-2704 အရေးပေါ် ခေါ်ဆိုရန် နံပါတ် 911။

ခွေးများအတွက် စည်းမျဉ်းများ -

- ကျေးဇူးပြု၍ ခွေးဟောင်ခြင်းကို ကန့်သတ်ပေးပါ။ တွင်းမတူးရ ကောင်းကောင်းမွန်မွန် ကစားပါ။ ဝုတ်။

## စကိတ်စီးသည့် ပန်းခြံ

နေထွက်မှ နေဝင်ချိန်အထိ ဖွင့်သည်

စည်းမျဉ်းများ - 

- စက်ိတ်ဘုတ်စီးခြင်း၊ စက်ဘီးစီးခြင်းနှင့် လိုင်းအတွင်း စက်ိတ်စီးခြင်းတို့က ပြင်းပြင်းထန်ထန် ဒါဏ်ရာရစေနိုင်ပါသည် - အရိုးကျိုးခြင်း၊ ကိုယ်လက်သေခြင်း၊ ဦးနှောက် ထိခိုက်ပျက်စီးခြင်း သို့မဟုတ် သေသည်အထိ ဖြစ်နိုင်သည်။ သင့်အန္တရာယ် သင့်ဖာသာယူ၍ စက်ိတ်စီးပါ။
- မျက်နှာပြင်များကို ကူညီကာကွယ်ပေးပါ၊ စကူတာများနှင့် BMX စက်ဘီးများတွင် ဘားတန်းအပိတ်များရှိရမည်ဖြစ်ပြီး စက်ဘီးများတွင် ပလပ်စတစ်တံစို့များရှိရမည် သို့မဟုတ် ဘာမျှမရှိစေရ။ ဟဲလ်မက်ဦးထုပ်များ၊ ဒူးကာများ၊ တံတောင်ဆစ်ကာများ နှင့် လက်ကောက်ဝတ်ကာများ ဝတ်ဆင်ရန် ပြင်းပြင်းထန်ထန် တိုက်တွန်းပါသည်။
- သင့်စွမ်းရည်ရှိသလောက်ဖြင့်သာ စက်ိတ်စီးပါ။
- မိဘများနှင့် အုပ်ထိန်းသူများသည် ၎င်းတို့ကလေးများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ၎င်းတို့၏ကလေးများက ပန်းခြံစည်းမျဉ်းများအတိုင်း လိုက်နာကြောင်း သေချာအောင်လုပ်ရန် တာဝန်ရှိပါသည်။
- မော်တာအင်ဂျင်တပ်ထားသည့် ယာဉ်များ ခွင့်မပြုပါ။
- စက်ိတ်ပန်းခြံ သန့်ရှင်းအောင် ကူညီထားရှိပါ။ အမှိုက်ပစ်ရန် အမှိုက်ပုံးကို အသုံးပြုပြီး အခြားနေရာများတွင် အမှိုက်မပစ်ပါနှင့်။
- သင့်စက်ိတ်စီးသူ အပေါင်းအပါများနှင့် စောင့်ကြည့်နေသူများအား လေးစားမှု ပြသပါ။ ခြိမ်းခြောက်၊ အလွဲသုံးစားပြုသည့် သို့မဟုတ် မိုက်ရိုင်းစော်ကားသည့် စကားများ အသုံးမပြုပါ။
- ကိုယ်ပိုင် ကုန်းလျှောများ၊ လက်ရမ်းများ သို့မဟုတ် အခြားကိရိယာပစ္စည်းများကို တားမြစ်ပါသည်။
- စက်ိတ်ပန်းခြံက စိုစွတ်နေပါက၊ ရေခဲနေပါက သို့မဟုတ် နှင်းအုပ်နေပါက သို့မဟုတ် မျက်နှာပြင်ပေါ်တွင် အကျွင်းအကျန်များ၊ အမှိုက်သရိုက်များ သို့မဟုတ် အခြားအတားအဆီးများရှိပါက စက်ိတ်မစီးပါနှင့်။
- ပျော်ရွှင်ပါစေ။ ဘေးကင်းအောင်နေပါ။

## ကျွန်ုပ်တို့၏ပန်းခြံများအတွင်း ဒရုန်းများ ပျံသန်းနိုင်ပါသလား။ သင်သိရန် လိုအပ်သည့်အရာများမှာ -

ဤစည်းကမ်းများကို FAA မှ ပြန်ဌာန်းထားပါသည်။ ဒရုန်းများ ပျံသန်းရန် ကျွန်ုပ်တို့ ပါမစ်မထုတ်ပေးပါ။

1. သင်၏ဒရုန်းများကို မှတ်ပုံတင်ပါ၊ ၎င်း၏ မှတ်ပုံတင်နံပါတ် (PDF) ကို အပြင်ဖက်တွင် မှတ်သားထားပေးပါ၊ ထို့အပြင် မှတ်ပုံတင် အထောက်အထားကို သင်နှင့် တပါတည်း သယ်ဆောင်ထားပေးပါ။
2. အပန်းဖြေရန် ရည်ရွယ်ချက်ဖြင့်သာ ပျံသန်းပါ။
3. အသိုင်းအဝိုင်းအခြေပြု အဖွဲ့အစည်းတစ်ခု၏ ဘေးအန္တရာယ်ကင်းရေး
4. **မထိန်းချုပ်ထားသည့် သို့မဟုတ် ဝဲအဆင့် ဂျီ ("Class G")" ပျံသန်းနယ်နိမိတ်တွင်း ရှိချိန်၌ သင့်ဒရုန်းကို အမြင့် ပေ ၄၀၀ သို့မဟုတ် ယင်းအောက်တွင် ပျံသန်းပေးပါ။** ၎င်းသည် FAA မှ လူမောင်း လေယာဉ်သွားလာမှုကို မထိန်းချုပ်ထားသည့် ပျံသန်းနယ်နိမိတ်ဖြစ်ပါသည်။ မည်သို့သော ပျံသန်းနယ်နိမိတ်တွင်း သင်ရောက်နေကြောင်း ဆုံးဖြတ်ရန် သင့်ဒရုန်းကို လည်ပတ်သည့် မိုဘိုင်းအက်ပလီကေးရှင်းကို ကိုးကားပါ (ယင်း ကိရိယာ တပ်ဆင်ထားပါက) နှင့်/သို့မဟုတ် အခြား ဒရုန်းနှင့်သက်ဆိုင်သော မိုဘိုင်း အက်ပလီကေးရှင်းများကို အသုံးပြုပါ။ သင်၏တည်နေရာနှင့် မည်သည့်ပျံသန်းနယ်နိမိတ်တွင်း သင်ရှိနေကြောင်း သိရှိခြင်းက အခြားလေယာဉ်တစ်စီးအား နှောင့်ယှက်မိခြင်းမှ ရှောင်ကြဉ်ရာတွင်လည်း သင့်အား ကူညီမည်ဖြစ်သည်။
5. **ထိန်းချုပ်ထားသည့် ပျံသန်းနယ်နိမိတ်များ (လေဆိပ်များ ပတ်လည်နှင့် အထက်) တွင်း မပျံသန်းပါနှင့်၊ ခြွင်းချက်မှာ -**

1. ထိန်းချုပ်ထားသော ပျံသန်းနယ်နိမိတ်တွင်း လည်ပတ်မှုများအတွက် မပျံသန်းမီ LAANC ( Low Altitude Authorization and Notification Capability (အမြင့်ပေနိမ့်နိမ့်တွင် ပျံသန်းခြင်းအတွက် ခွင့်ပြုချက်နှင့် သတိပေးချက်စွမ်းရည်) ), မှတဆင့် ပျံသန်းနယ်နိမိတ်ဆိုင်ရာ ခွင့်ပြုချက်တစ်ခု သင့်ထံတွင်ရှိပါက။ အပန်းဖြေ ပျံသန်းသူများအတွက် ခွင့်ပြုထားသော LAANC UAS ဝန်ဆောင်မှု ပံ့ပိုးကူညီသူများအကြောင်း ပိုမိုလေ့လာလိုက်ပါ။
2. သင်သည် FAA နှင့် စာဖြင့်သဘောတူညီချက်ရရှိထားသော အပန်းဖြေ ပျံသန်းသူအတွက် ပုံသေသတ်မှတ်ထားသော နေရာတစ်ခုတွင် ပျံသန်းနေပါသည်။ FAA က ခွင့်ပြုထားသည့်နေရာများ စာရင်းတစ်ခု (MS Excel) ကို ပို့စ်တင်ခဲ့ပြီး ၎င်းအား အပြာရောင်အစက်များအဖြစ် မြေပုံပေါ်တွင် ပုံဖော်ထားပါသည်။ ပုံသေသတ်မှတ်ထားသော နေရာတစ်ခုစီအတွက် အမြင့်ပေကန့်သတ်ချက်ကို ဤမြေပုံပေါ်တွင် ပြသထားပြီး တည်နေရာအလိုက် ကွဲပြားပါသည်။

**မှတ်ချက်** - အကယ်၍ သင့်အဖွဲ့အစည်းက ပုံသေသတ်မှတ်ထားသော ပျံသန်းရန်နေရာတစ်ခုအတွက် စာဖြင့်သဘောတူညီချက်တစ်ခု ရယူရန် စိတ်ဝင်စားပါက ကျေးဇူးပြု၍ 9-AJT-UAS-Integration@faa.gov တွင် ကျွန်ုပ်တို့အား ဆက်သွယ်ပေးပါ။

*မှတ်ချက် - Starr Farm Park မှလွဲ၍ BPRW ပန်းခြံများအားလုံးသည် ထိန်းချုပ်ထားသော ပျံသန်းနယ်နမိတ်တွင်း ရှိနေပါသည်။*

6. **သင့်ဒရုန်းကို သင့်မြင်ကွင်းတွင်းဝင်သည့် လိုင်းအတွင်း၌ ထားရှိပျံသန်းပါ၊** သို့မဟုတ် သင်နှင့် အတူတည်ရှိနေပြီး တိုက်ရိုက်အဆက်အသွယ်ရှိသော မြင်ကွင်း စောင့်ကြည့်သူတစ်ဦး၏ မြင်ကွင်းတွင်းဝင်သည့် လိုင်းအတွင်း၌ ထားရှိပျံသန်းပါ၊
7. **ပျံသန်းမှု တားမြစ်ထားသော ပျံသန်းနယ်နမိတ်အတွင်း မပျံသန်းပါနှင့်။** ပျံသန်းနယ်နမိတ် ကန့်သတ်ချက်ကို ကျွန်ုပ်တို့၏ တုံ့လှယ်ဆက်သွယ်မှုရှိသော မြေပုံ ပေါ်တွင် တွေ့ရှိနိုင်ပြီး ယာယီ ပျံသန်းမှုကန့်သတ်ချက်များကို ဤနေရာ တွင် တွေ့ရှိနိုင်ပါသည်။ ဒရုန်းမောင်းနှင်သူများသည် ပျံသန်းနယ်နမိတ် ကန့်သတ်ချက်များအားလုံးအတိုင်း လိုက်နာကြောင်း သေချာစေရန် တာဝန်ရှိပါသည်။
8. အခြား လေယာဉ်များအနီး၊ အထူးသဖြင့် လေဆိပ်များအနီးတွင် မပျံသန်းပါနှင့်။
9. လူအုပ်စုအထက်၊ အများပြည်သူရှိသည့် ပွဲအစီအစဉ်များ၊ သို့မဟုတ် လူအပြည့်ရှိနေသည့် အားကစားရုံများအထက်၌ ဘယ်တော့မှ မပျံသန်းပါနှင့်။
10. မတော်တဆမှု တုံ့ပြန်ခြင်းအမျိုးအစား တစ်ခုခု၊ ဥပဒေတင်းကျပ်ရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ၊ မီးငြိမ်းသတ်ခြင်း သို့မဟုတ် ဟာရီကန်းပြန်လည်ထူထောင်ရေး အားထုတ်မှုများကဲ့သို့သော အရေးပေါ်ကိစ္စရပ်များ အနီးတွင် ဘယ်တော့မှ မပျံသန်းပါနှင့်။
11. ဆေးဝါး သို့မဟုတ် အရက်သေစာ လွှမ်းမိုးမှုအောက်တွင် ဘယ်တော့မှ မပျံသန်းပါနှင့်။

အပန်းဖြေမောင်းနှင်သူများအနေဖြင့် ဤဘေးအန္တရာယ်ကင်းရှင်းရေး လိုအပ်ချက်များမှ တစ်ခုခုကို တမင်တကာချိုးဖောက်ပါက နှင့်/သို့မဟုတ် ဂရုမထားဘဲ မဆင်မခြင်ပုံစံဖြင့် မောင်းနှင်ပါက ၎င်းတို့သည် ရာဇဝတ်မှု နှင့်/သို့မဟုတ် အရပ်သား ပြစ်ဒဏ်များ ကျခံရနိုင်ပါသည်။

# ပန်းခြံများနှင့် အဆောက်အအုံများတွင်းရှိ နေရာများကို ငှားရမ်းခြင်း

## ပန်းခြံပါမစ်များ

**ဘာကြောင့် [General Park Permit (အထွေထွေသုံး ပန်းခြံပါမစ်)](#)တစ်ခု ကျွန်ုပ်လိုအပ်ပါသလဲ။**

အကယ်၍ သင်သည် အများပြည်သူအတွက် မဖွင့်ပေးသည့် လူ ၂၂- ၉၉ ဦးအထိ တွေ့ဆုံစုဝေးမှုတစ်ခုကို Burlington ၏ ပန်းခြံအများအပြားမှ တစ်ခုအတွင်း လုပ်ရန်ကြည့်နေပါက ပါမစ်တစ်ခု သင်လိုအပ်ပါလိမ့်မည်။ အထွေထွေ ပန်းခြံပါမစ်များကို သုံးစွဲသူမှ နေရာတစ်ခုကို အကြွင်းမဲ့အသုံးပြုရန်အတွက် မပေးအပ်သည့်အပြင် အသံချဲ့စက်ဖွင့်ခြင်း သို့မဟုတ် မည်သည့်ဈေးရောင်းသူမဆို ထားရှိခြင်းအား ခွင့်မပြုပါ။ နေရာတစ်ခုကို အကြွင်းမဲ့သုံးစွဲရန်၊ အသံချဲ့စက်ဖွင့်ရန် နှင့်/သို့မဟုတ် ဈေးရောင်းများထားရှိရန် သင်စိတ်ဝင်စားပါက သို့မဟုတ် သင်၏ တွေ့ဆုံစုဝေးမှုက လူ ၉၉ ဦးထက်ပိုမည်ဆိုပါက အထူးသုံးစွဲခွင့်ပါမစ်များ လိုအပ်သည့် ပွဲအစီအစဉ်များ ကြိုတင်ရယူခြင်းနှင့် ပတ်သက်သည့် ထပ်ဆောင်း အချက်အလက်များကို အောက်တွင် ကြည့်ရှုပေးပါ။

ပါမစ်တစ်ခု သင်တောင်းဆိုလိုပါက သို့မဟုတ် မေးခွန်းများရှိပါက ကျေးဇူးပြု၍ ဖုန်းနံပါတ် (802) 865-7247 ကို ခေါ်ဆိုပါ။

**ကျေးဇူးပြု၍ မှတ်သားရန်** - သင်သည် သီးသန့် တွေ့ဆုံစုဝေးမှုတစ်ခုအတွက် ကျွန်ုပ်တို့၏ အဆောက်အအုံများ သို့မဟုတ် ကွင်းများမှ တစ်ခုကို ကြိုတင်မှာကြားပါက သီးခြားအထွေထွေ ပန်းခြံပါမစ်တစ်ခု မလိုအပ်ပါ။

**ဘာကြောင့် [Special Use Permit (အထူးအသုံးပြုခွင့်ပါမစ်)](#) တစ်ခု ကျွန်ုပ်လိုအပ်နိုင်ပါသလဲ။**

- အများပြည်သူအတွက် ဖွင့်ပေးထားသည့် တွေ့ဆုံစုဝေးပွဲတစ်ခုလုပ်ရန် သင်ကြည့်နေပါက။
- သီးသန့် တွေ့ဆုံစုဝေးမှုတစ်ခုကို တက်ရောက်မည့် လူပမာဏသည် လူ ၉၉ ဦးထက်ကျော်ပါက။
- ပန်းခြံဧရိယာ သို့မဟုတ် အဆောက်အအုံတစ်ခုကို သီးခြားအချိန်နှင့် နေ့ရက်တစ်ခုတွင် အကြွင်းမဲ့သုံးစွဲရန် မှာကြားဖို့လိုအပ်ပါက (ဥပမာ - Battery or City Hall Park တွင်ပြုလုပ်မည့် ပွဲအစီအစဉ်တစ်ခုအတွက်)
- အသံချဲ့စက် နှင့်/သို့မဟုတ် ဈေးရောင်းသူများ ထားရှိရန် သင်တောင်းဆိုနေပါက။
- ကြိုတင်မှာကြားမှုကို ဆက်တိုက်လုပ်ရန် အခြေခံဖြင့် စီစဉ်လိုပါက။
- ပန်းခြံဧရိယာ သို့မဟုတ် အဆောက်အအုံတစ်ခုအား အသုံးပြုခြင်းက စီးပွားရေး သို့မဟုတ် ရန်ပုံငွေမြှင့်တင်ရန် ရည်ရွယ်ချက်အတွက် ဖြစ်ပါက။
- ပွဲအစီအစဉ်က ပါဝင်သူ သို့မဟုတ် ကြည့်ရှုသူထံမှ အခကြေးငွေ ကောက်ခံပါက။
- ပွဲအစီအစဉ် သို့မဟုတ် ဖျော်ဖြေမှုအတွင်း မေတ္တာရပ်ခံမှု တစ်မျိုးမျိုး ပေါ်ပေါက်မည်ဆိုပါက။

အထူးအသုံးပြုခွင့်ပါမစ်အားလုံးအနေဖြင့် တောင်းဆိုလိုသည့်ရက်မတိုင်မီ အနည်းဆုံးတစ်လ ကြိုတင်၍ Parks, Recreation and Waterfront Commission (ပန်းခြံများ၊ အပန်းဖြေနှင့် ကမ်းနား ကော်မရှင်) ထံမှ အတည်ပြုချက်လိုအပ်ပါသည်။ ၎င်းတို့က လစဉ် ဒုတိယ အင်္ဂါပတ် (ဇူလိုင်လမှ လွဲ၍) တွင် တွေ့ဆုံပြီး ပွဲစီစဉ်သူများအနေဖြင့် အစည်းအဝေးတက်ရောက်ရန် မလိုအပ်ပါသော်လည်း တက်ရောက်ရန် လေးလေးနက်နက် တိုက်တွန်းအားပေးပါသည်။ သင့်တောင်းဆိုချက်ကို ကော်မရှင်ထံ ယူဆောင်ရန်အတွက် ဌာနနှင့် သင်အလုပ်တွဲလုပ်ရပါမည်။ မေးခွန်းများရှိပါက သို့မဟုတ် ဤလုပ်ငန်းစဉ်ကို စတင်ရန်အတွက် ကျေးဇူးပြု၍ ဖုန်းနံပါတ် (802) 865-7247 ကိုခေါ်ဆိုပါ။

အထူးအသုံးပြုခွင့်ပါမစ်များကို Code of Local Ordinances (ဒေသန္တရဥပဒေများ ပြဋ္ဌာန်းချက်)၏ Appendix D (နောက်ဆက်တွဲ ဃ) အရ ထုတ်ပြန်ပေးပါသည်။ ပြဋ္ဌာန်းချက် အပြည့်အစုံကို ဤနေရာရှိ “Appendix D” အောက်တွင် သင်ဖတ်ရှုနိုင်ပါသည် -

http://www.codepublishing.com/VT/Burlington/

## ပန်းခြံများတွင်း ပရိုဂရမ်များ စီစဉ်ခြင်း

သင်သည် Burlington ပန်းခြံအတွင်း လေဟာပြင်သင်တန်းများ နှင့်/သို့မဟုတ် ပရိုဂရမ်များ ကျင်းပပြုလုပ်ရန် ကြည့်နေပါက ဤလျှောက်လွှာကို ကျေးဇူးပြု၍ ဖြည့်ပေးပါ၊ ပြီးလျှင် modaniel@burlingtonvt.gov သို့ အီးမေးလ်ဖြင့် ပို့ပေးပါ။ လူ ၁၉ ဦး သို့မဟုတ် လျော့နည်းသည့် သင်တန်းများအနေဖြင့် ထပ်ဆောင်း ကုန်ကျစရိတ် သို့မဟုတ် စီစဉ်မှု မလိုအပ်ပါ။ လူ ၂၀ ဦး သို့မဟုတ် အထက်ရှိသည့် သင်တန်းများအနေဖြင့် အရွယ်အစားပေါ်မူတည်၍ ကျွန်ုပ်တို့၏ "General Park Permit (အထွေထွေ ပန်းခြံသုံးပါမစ်)ဝ အခကြေးလမ်းညွှန်ချက်အတိုင်း လိုက်နာရမည် ဖြစ်ပြီး ဌာနနှင့်အတူ စီစဉ်ရန် လိုအပ်ပါမည်။

မေးခွန်းများရှိပါက ကျေးဇူးပြု၍ ဖုန်းနံပါတ် (802) 865-7247 ကို ခေါ်ဆိုပါ။

## ပျော်ပွဲစားထွက်ရန် အမိုးအကာများနှင့် ရွက်ဖျင်တဲ ငှားရမ်းမှုများ

လှပသော Lake Champlain ကန်စောင်းများပေါ် ရှိ ငှားရမ်းနိုင်သော အမိုးအကာ ၃ ခု အနက် (၂) ခုမှ Oakledge တွင်ရှိပြီး ကျန် (၁) ခုမှာ North Beach တွင်ရှိကာ Leddy Park တွင် ငှားရမ်းနိုင်သည့် ရွက်ဖျင်တဲ ၁ လုံးရှိပါသည်။ ၎င်းနေရာများက မွေးနေ့ပါတီများ၊ ကုမ္ပဏီ ပျော်ပွဲစားများနှင့် မိသားစု/မိတ်ဆွေ ပြန်လည်တွေ့ဆုံပွဲများ ကဲ့သို့သော တွေ့ဆုံစုဝေးမှုအငယ်စားများ ကျင်းပရန် သင့်လျော်ပါသည်။ အမိုးအကာများနှင့် ရွက်ဖျင်တဲများကို နေ့တစ်ဝက်စာ သို့မဟုတ် တစ်နေ့လုံးစာ ငှားရမ်းနိုင်ပြီး မေလလယ်မှ စက်တင်ဘာလလယ်အထိ ငှားရမ်း ရရှိနိုင်ပါသည်။

ရရှိနိုင်ခြေကို စစ်ဆေးပြီး သင်၏အမိုးအကာ သို့မဟုတ် ရွက်ဖျင်တဲ ငှားရမ်းရန် တောင်းဆိုချက်ကို ဤနေရာတွင် အွန်လိုင်း ပြုလုပ်နိုင်ပါသည်။ သို့မဟုတ်ပါက အဆိုပါနေရာများမှ တစ်ခုခုကို ကြိုတင်မှာကြားရန် ကျွန်ုပ်တို့အား ဖုန်းနံပါတ် (802) 865-7247 တွင် ခေါ်ဆိုပေးပါ။ ရုံးချိန်နာရီများ အကန့်အသတ်ရှိနိုင်ကြောင်း ကျေးဇူးပြု၍ သတိပြုပေးပါ။ သင့်ခေါ်ဆိုမှု သို့မဟုတ် အီးမေးလ်ကို တတ်နိုင်သလောက် မြန်မြန် ကျွန်ုပ်တို့ အကြောင်းပြန်ပေးပါမည်။

**အသုံးပြုနိုင်သည့် ပစ္စည်းကိရိယာများ**

- ပျော်ပွဲစား စားပွဲ
- အိမ်သာများ
- အကင်ဖို
- ၉ မိုင်အရှည်ရှိသည့် စက်ဘီးလမ်းကို တိုက်ရိုက်အသုံးပြုနိုင်မှု
- ကမ်းနား မြင်ကွင်းများ
- အများပြည်သူပိုင် ကမ်းခြေ အသုံးပြုနိုင်မှု

**စည်းမျဉ်းများနှင့် စည်းကမ်းများ**

- အမိုးအကာ/ရွက်ဖျင်တဲတစ်ခုကို ငှားရမ်းရန် အငယ်ဆုံးအသက်အရွယ်မှာ ၁၈ နှစ် ဖြစ်သည်။
- ကြိုတင်နေရာယူမှု သေချာစေရန် ခရက်ဒစ်ကတ် (Visa, MC, AmEx, Discover) တစ်ခု အသုံးပြုရမည်။
- အိမ်မွေးတိရစ္ဆာန်များကို အောက်ပါအခြေအနေရပ်များ သက်ရောက်ကာ ကြိုဆိုပါသည် - က) ၎င်းတို့အား လည်ပတ်ကြိုးဖြင့် ချည်ထားရမည်၊ ခ) ၎င်းတို့အား ကြည့်ရှုသူမရှိပဲ မထားရပါ၊ ဂ) မည်သည့်ဧရိယာမဆိုအတွင်း ၎င်းတို့ အလေးစွန့်ပြီးနောက်တွင် ပိုင်ရှင်မှ သန့်ရှင်းရေးလုပ်ရမည်၊ ထို့အပြင် ဃ) အိမ်မွေးတိရစ္ဆာန်များကို ကမ်းခြေသို့ ခေါ်ယူခွင့်မပြုပါ။
- မီးသွေး မပေးပါ၊ ဂက်စ်သုံး အကင်ဖိုကို နေရာ (များ) သို့ ယူဆောင်လာနိုင်ပါသည်။
- အရက်ကို ခွင့်ပြုသော်လည်း ဖန်ပုလင်း သို့မဟုတ် သံဗူးများကို ခွင့်မပြုပါ။

- မီးသွေးအပူများကို သင့်လျော်စွာ စွန့်ပစ်ပါ။

အမိုးအကာ ကြိုတင်မှာကြားမှုများကို City of Burlington (Burlington မြို့တော်)၊ Burlington Parks, Recreation, and Waterfront Department (Burlington ပန်းခြံများ၊ အပန်းဖြေနှင့် ကမ်းနားဌာန) ၏ စည်းမျဉ်းများနှင့် စည်းကမ်းများမှ [Code of Ordinances (ဥပဒေများ ပြဋ္ဌာန်းချက်)](Code of Ordinances) တွင် အဓိပ္ပါယ်သတ်မှတ်ပေးထားပါသည်။

## Battery Park တွင် ပွဲစီစဉ်ခြင်းများ

Battery Park Band Shell သည် အနုပညာဖျော်ဖြေမှုများ၊ ဂီတပွဲတော်များ၊ မိန့်ခွန်းပြောကြားမှုများ၊ ဆန္ဒဖော်ထုတ်ခြင်းများ၊ အရပ်သား အခမ်းအနားများနှင့် ပြပွဲများအတွက် အဓိကနေရာယူထားပြီး မေလမှ အောက်တိုဘာ လလယ်အထိ ငှားရမ်းရရှိနိုင်ပါသည်။

**အသုံးပြုနိုင်သည့် ပစ္စည်းကိရိယာများ**

- လျှပ်စစ်မီး
- အိမ်သာများ
- ကမ်းနား မြင်ကွင်းများ

**စည်းမျဉ်းများနှင့် စည်းကမ်းများ**

- ပန်းခြံကို ကြိုတင်နေရာယူရန် အသက် ၁၈ နှစ် သို့မဟုတ် အထက်ဖြစ်ရပါမည်။
- Battery Park တွင်း မည်သည့်ပွဲအစီအစဉ်မဆို ကျင်းပရန်Special Use Park Permit (အထူးအသုံးပြုခွင့် ပန်းခြံပါမစ်) အတည်ပြုချက် လိုအပ်ပါသည်။ ထပ်ဆောင်းအချက်အလက်များ ရရှိရန်အတွက် ဤစာမျက်နှာ၏ **Park Permits (ပန်းခြံပါမစ်များ)** ကဏ္ဍကို ကျေးဇူးပြု၍ ကြည့်ရှုပေးပါ။
- ပန်းခြံတွင်း အသံချဲ့စက်သံက ၇၅ ဒက်ဆီဘယ်လ် (75 decibels) ထက်မကျော်ရမည့်အပြင် နံနက် ၉ နာရီမှ ည ၉ နာရီကြားတွင်သာ ဖွင့်ရမည်။ တစ်ရက်လျှင် အများဆုံး ၃ နာရီ အများဆုံးသာ ခွင့်ပြုပါသည်။ တောင်းဆိုချက်များအားလုံးကို Parks, Recreation & Waterfront Commission (ပန်းခြံများ၊ အပန်းဖြေနှင့် ကမ်းနား ကော်မရှင်) မှ အတည်ပြုပေးရမည်။
- ခွေးများကို အချိန်တိုင်း လည်ပတ်ကြိုးတစ်ခုဖြင့် ချည်ထားရမည်။
- ပွဲအစီအစဉ်များအားလုံးအတွက် အာမခံလက်မှတ်တစ်ခု လိုအပ်ပါသည်။
- လူ ၅၀ သို့မဟုတ် အထက် တက်ရောက်သူများပါဝင်သည့် ပွဲအစီအစဉ်များ သို့မဟုတ် တွေ့ဆုံစုဝေးပွဲများအတွက် အငှားအိမ်သာများ ငှားရမ်းဖို့လိုအပ်ပါသည်။
- မည်သည့် ကား သို့မဟုတ် ယာဉ်မဆိုကို ပန်းခြံအတွင်း ဝင်ခွင့်မပြုပါ။

Battery Park တွင် ကြိုတင်နေရာယူခြင်းနှင့် စပ်လျဉ်းပြီး သင့်ထံတွင် မေးခွန်းများရှိပါက ကျေးဇူးပြု၍ ဖုန်းနံပါတ် (802) 865-7247 ကို ခေါ်ဆိုပါ။

## City Hall Park တွင် ပွဲစီစဉ်ခြင်းများ

တည်ဆောက်ခဲ့သည်မှ နှစ်ပေါင်းများစွာ ကြာပြီးနောက်တွင် City Hall Park အား ပြင်ဆင်ခဲ့ပြီး ရပ်ကွက်မှ ပြန်လည်အသုံးပြုရန် အဆင်သင့်ဖြစ်လာပါပြီ။ အဆင့်မြှင့်ပြင်ဆင်ထားသည့် အသုံးပြုနိုင်သော ပစ္စည်းကိရိယာမျိုးစုံဖြင့် ဤတည်နေရာက အငယ်စားမှ အလယ်အလတ်စား အများပြည်သူနှင့် သီးသန့် ပွဲအစီအစဉ်နှစ်ခုလုံးအတွက် အဆင်ပြေပါသည်။

**အသုံးပြုနိုင်သော ပစ္စည်းကိရိယာများ**

- အများပြည်သူ အသုံးပြုနိုင်သော လေဟာပြင် ရေချိုးခန်း တစ်လုံး
- အများပြည်သူအတွက် ရရှိနိုင်သည့် ရာသီအလိုက် အသုံးပြုနိုင်သော ရေပန်းပေးသည့် အကွက်၊
- အများပြည်သူအတွက် ရာသီအလိုက် ရရှိနိုင်သော လေဟာပြင် စားပွဲများနှင့် ထိုင်ခုံများ
- လျှပ်စစ်မီးနှင့် အင်တာနက် (ထပ်ဆောင်း အခကြေးများ အကျုံးဝင်ပါသည်)
- တိုင်များ/စက်ဘီး ရပ်နားရန် အကန့်များ (ထပ်ဆောင်း အခကြေးများ အကျုံးဝင်ပါသည်)
- အော်ဒီယို ပက်ကေ့ချ် (ထပ်ဆောင်း အခကြေးများ အကျုံးဝင်ပါသည်)
- ဗီဒီယိုပြစက် ပက်ကေ့ချ် (ထပ်ဆောင်း အခကြေးများ အကျုံးဝင်ပါသည်)

**စည်းမျဉ်းများနှင့် စည်းကမ်းများ**

- ပန်းခြံတွင် ကြိုတင်နေရာယူရန် အသက် ၁၈ နှစ် သို့မဟုတ် အထက် ဖြစ်ရပါမည်။
- ပန်းခြံတွင်း အသံချဲ့စက်သံက ၇၅ ဒက်ဆီဘယ်လ် (75 decibels) ထက်မကျော်ရမည့်အပြင် နံနက် ၉ နာရီမှ ည ၉ နာရီကြားတွင်သာ ဖွင့်ရမည်။ တစ်ရက်လျှင် အများဆုံး ၃ နာရီ အများဆုံးသာ ခွင့်ပြုပါသည်။ တောင်းဆိုချက်များအားလုံးကို Parks, Recreation & Waterfront Commission (ပန်းခြံများ၊ အပန်းဖြေနှင့် ကမ်းနား ကော်မရှင်) မှ အတည်ပြုပေးရမည်။
- ပွဲအစီအစဉ်အားလုံးအတွက် အာမခံလက်မှတ်တစ်ခု လိုအပ်ပါသည်။
- ပွဲအစီအစဉ်များအတွက် ယာယီအိမ်သာ ငှားရမ်းမှုများ လိုအပ်နိုင်ပါသည်။
- ခွေးများကို အချိန်ပြည့် လည်ပတ်ကြိုးဖြင့် ချည်ထားရမည်။

City Hall Park အား ငှားရမ်းခြင်းနှင့်ပတ်သက်၍ မေးခွန်းများရှိပါက သို့မဟုတ် ထပ်ဆောင်းအချက်အလက်များလိုအပ်ပါက ကျေးဇူးပြု၍ aclawson@burlingtoncityarts.org သို့ အီးမေးလ်ပို့ပါ။

## Waterfront Park တွင် ပွဲစီစဉ်ခြင်းများ

Waterfront Park သည် မြို့လည်ခေါင် အနောက်ပိုင်း Lake Champlain ကန်စပ်တလျှောက် တည်ရှိသော ဒေသပိုင် ပန်းခြံကြီးတစ်ခုဖြစ်သည်။ ဤပန်းခြံသည် နွေဦးရာသီ၊ နွေရာသီနှင့် ဆောင်းဦးရာသီတလျှောက်ရှိ ပွဲအစီအစဉ်ကြီးကြီးမားမား အများအပြားကို အိမ်ရှင်ခံသည့်နေရာဖြစ်ပြီး Burlington Bike Path (Burlington စက်ဘီးလမ်း) က ၎င်း၏ အရှေ့ဖက်နယ်နမိတ်တလျှောက် ပြေးနေပါသည်။ အများပြည်သူအတွက် သို့မဟုတ် သီးသန့်ပွဲအစီအစဉ်တစ်ခုအတွက် Waterfront Park ကို ငှားရမ်းရန် နှုန်းထားများနှင့် လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ထပ်ဆောင်းအချက်အလက်များ လိုအပ်ပါက ကျေးဇူးပြု၍ rbailey@burlingtonvt.gov သို့ အီးမေးလ်ပို့ပါ။

## လမ်းလျှောက်ပွဲနှင့် ပြေးပွဲအစီအစဉ်များ

၂၀၂၂ ခုနှစ်အတွက် လမ်းလျှောက်/ပြေးပွဲအစီအစဉ် လျှောက်ထားမှုများကို ယခု လက်ခံနေပါပြီ။ ကျေးဇူးပြု၍ သင့်လျှောက်လွှာ (အောက်တွင် လင့်ခ်ချိတ်ပေးထားပါသည်) ကို သို့မဟုတ် မေးခွန်းများကို modaniel@burlingtonvt.gov သို့ အီးမေးလ် ပို့ပေးပါ။ လျှောက်လွှာများကို ၎င်းတို့အား လက်ခံရရှိခဲ့သည့် အစီအစဉ်အတိုင်း စီမံလုပ်ဆောင်ပါမည်။ သင့်လျှောက်လွှာကို စိစစ်သုံးသပ်မှုမပြုမီ လျှောက်လွှာတင်ကြေး ဒေါ်လာ ၅၀ တင်သွင်းရမည်ဖြစ်ကြောင်း ကျေးဇူးပြု၍ မှတ်သားပါ။ မေးခွန်းများရှိပါက ကျေးဇူးပြု၍ ဖုန်းနံပါတ် (802) 865-7247ကို ခေါ်ဆိုပါ။

အချက်အလက်များနှင့် လျှောက်လွှာကို ဒေါင်းလုဒ်လုပ်ရန် ဤနေရာတွင် နှိပ်ပါ

## Burlington Greenway

၈ မိုင်ရှည်လျားသည့် Burlington Greenway (စက်ဘီးလမ်း) သည် Lake Champlain ကမ်းစပ်တစ်လျှောက် တည်ရှိပြီး ၁၄ မိုင်ရှည်လျားသည့် Island Line Trail ၏ တစ်စိတ်တစ်ဒေသဖြစ်ပါသည်၊ ယင်းက Burlington ကို Colchester Causeway နှင့် Allen Point Access Area  တို့ဖြင့် ပေါင်းစပ်ပေးပါသည်။

Greenway သည် Queen City Parkway ၏ တောင်ပိုင်းအစပ်မှ စတင်ပြီး Winooski River ပေါင်းကူးနေရာတွင် မြောက်ဖက်ရှိ Colchester သို့ ဆန့်ထွက်သွားပါသည်။  ၎င်းအား မော်တာမသုံးဘဲ ခရီးသွားလာမှုအတွက်သာ ရည်ရွယ်ပြီး အပန်းဖြေရန်အတွင် ရင်းမြစ်တစ်ခု ဖြစ်ရုံသာမဟုတ်ဘဲ လူပေါင်း ရာနှင့်ချီ၍ ဤလမ်းကို နေ့စဉ်အသုံးပြုနေသည့်အတွက် ၎င်းအား သယ်ယူပို့ဆောင်မှုအတွက်လည်း အသုံးချပါသည်။   Greenway  က ပန်းခြံများ၊ ထိန်းသိမ်းဧရိယာများနှင့် ပြည်သူပိုင် ကမ်းခြေ အများအပြားကို ချိတ်ဆက်ပေးကာ မြို့လယ်ခေါင်ရှိ ဆက်သွယ်ရေးပွိုင့်များမှ နှင့် Burlington  ဆိပ်ကမ်းမှ လှေ သို့မဟုတ် ဖယ်ရီဖြင့် သွားလာနိုင်သော နာမည်ကျော် ခရီးသွားဧည့်သည် ဆွဲဆောင်မှုတစ်ခုဖြစ်ပါသည်။

**ဈေးနှုန်းများ**

Burlington Bike Path ကို ဌာနမှ အတည်ပြုထားသော အထူးပွဲအစီအစဉ်များအတွက်သာ အသုံးပြုနိုင်ပါသည်။

**အသုံးပြုနိုင်သော ပစ္စည်းကိရိယာများ**

Burlington Greenway က Oakledge Park၊ Lakeside Park၊ Roundhouse Park၊ Perkins Pier၊ Waterfront Park၊ Waterfront Access North၊ Urban Reserve၊ North Beach၊ Arms Park၊ Leddy Park, နှင့် Starr Farm Park များကို ဖြတ်၍သွားပါသည်။  အဆိုပါ ပန်းခြံဧရိယာများအတွင်း အသုံးပြုနိုင်သောပစ္စည်းကိရိယာ အမျိုးမျိုး ရရှိနိုင်ပါသည်။

ရာသီအလိုက် နားနေခန်း အဆောက်အအုံများ Oakledge၊ Waterfront Park၊ North Beach နှင့် Leddy Park တို့တွင် တည်ရှိပါသည်။

**စည်းမျဉ်းများနှင့် စည်းကမ်းများ**

- Greenway တွင် ကြိုတင်နေရာယူရန် အသက် ၁၈ နှစ် သို့မဟုတ် အထက် ဖြစ်ရမည်။
- Greenway တွင် မည်သည့် ကား သို့မဟုတ် ယာဉ်ကိုမျှ ဝင်ခွင့်မပြုပါ။
- အိမ်မွေးတိရစ္ဆာန်များကို လည်ပတ်ကြိုးဖြင့် ချည်ကိုင်ထားရန် လိုအပ်ပါသည်။ Urban Reserve နှင့် Starr Farm Park အတွင်း လမ်းတလျှောက်တွင် ခွေးများအတွက် ပန်းခြံနှစ်ခု တည်ရှိပါသည်။
- အများပြည်သူပိုင် ကမ်းခြေများတွင် အိမ်မွေးတိရစ္ဆာန်များ ဝင်ခွင့်မပြုပါ။
- လမ်းသွားလာမှုနှင့် လမ်းဖြတ်ကူးမှုများအားလုံးအတိုင်း ကျေးဇူးပြု၍ လိုက်နာပါ။
- ပါမစ်မရှိပဲ မေတ္တာရပ်ခံ တောင်းဆိုခြင်း လုပ်ခွင့်မရှိပါ။

Greenway စည်းမျဉ်းများနှင့် စည်းကမ်းများကို City of Burlington (Burlington မြို့တော်)၊ Burlington Parks, Recreation, and Waterfront Department (Burlington ပန်းခြံများ၊ အပန်းဖြေနှင့် ကမ်းနားဌာန) ၏ စည်းမျဉ်းများနှင့် စည်းကမ်းများမှ http://www.burlingtonvt.gov/Attorney/Municipal-Code ရှိ Code of Ordinances (ဥပဒေ ပြဋ္ဌာန်းချက်များ)တွင်း အဓိပ္ပါယ်သတ်မှတ်ပေးထားပါသည်။

**Greenway တွင် ကြိုတင်နေရာယူခြင်းနှင့် ပတ်သက်၍ မေးခွန်းများရှိပါက ကျွန်ုပ်တို့အား** အီးမေးလ် **ပို့ပါ။**

## ပန်းခြံများတွင်း မင်္ဂလာဆောင်ခြင်းများ

ကျွန်ုပ်တို့၏ လှပသောပန်းခြံများမှ တစ်ခုအတွင်း လက်ထပ်ထိမ်းမြားရန် စိတ်ဝင်စားပါသလား။ ရနိုင်ခြေရှိသော ရွေးချယ်စရာများက သင့်လိုအပ်ချက်များအတိုင်း ပြည့်မီမှုရှိမရှိ သင့်အား ကူညီဆုံးဖြတ်ပေးရန် ဤနေရာတွင် အထွေထွေ အချက်အလက်အချို့ရှိပါသည်။

- အခြေခံအဆောက်အအုံ (ဥပမာ - ထိုင်ခုံများ၊ ရွက်ဖျင်တဲများ၊ စသဖြင့်)၊ စျေးရောင်းသူများ သို့မဟုတ် အသံချဲ့စက် မလိုအပ်သည့် တက်ရောက်သူ ၁၀၀ အောက် အခမ်းအနားများက ကျွန်ုပ်တို့၏ General Park Permit (အထွေထွေ ပန်းခြံပါမစ်) စျေးနှုန်း တည်ဆောက်မှုအောက်တွင် ကျရောက်ပါသည်။ ထပ်ဆောင်း အချက်အလက်များ ရရှိရန် အထက်ရှိ **Park Permits (ပန်းခြံပါမစ်များ)** ကို ကျေးဇူးပြု၍ ကြည့်ရှုပါ။
- အခြေခံအဆောက်အအုံ၊ စျေးရောင်းသူများ သို့မဟုတ် အသံချဲ့စက် နှင့်/သို့မဟုတ် ညှော်ခံပွဲ အမျိုးအစားတစ်ခုခု ပါရှိသည့် အခမ်းအနားတစ်ခု ကျင်းပရန်အလို့ငှာ လေဟာပြင် အဆောက်အအုံတစ်ခု (ဥပမာ - ပျော်ပွဲစားရန် အမိုးအကာတစ်ခု) ကို ငှားရမ်းရမည်။ ထပ်ဆောင်း အချက်အလက်များ ရရှိရန် အထက်ရှိ **Picnic Shelters (ပျော်ပွဲစားရန် အမိုးအကာများ)** ကို ကျေးဇူးပြု၍ ကြည့်ရှုပါ။ အကယ်၍ သင်၏ မင်္ဂလာပွဲအတွက် Waterfront Park တွင် ငှားရမ်းနေပါက ဤအချက် အကျုံးမဝင်ပါ။
- မင်္ဂလာပွဲ/စေ့စပ်ပွဲ ဓာတ်ပုံရိုက်ကူးခြင်းများအတွက် ဓာတ်ပုံရိုက်ကူးရေး/ဗီဒီယိုရိုက်ကူးရေး ပါမစ်တစ်ခု မလိုအပ်ပါ။

မင်္ဂလာအခမ်းအနားများအတွက် လူသိအများဆုံး တည်နေရာများစာရင်းတစ်ခု အောက်၌ပါရှိပါသည်။

- Battery Park
- Ethan Allen Park -
  - The Pinnacle (ဤတည်နေရာအထိ ယာဉ်အသုံးပြုခွင့်မရှိပါ - တက်ရောက်သူအားလုံးအနေဖြင့် ဤနေရာသို့ လမ်းလျှောက်/စက်ဘီးဖြင့် လာရမည်)
- Oakledge Park -
  - Blanchard Beach
  - Oakledge Cove
  - Treehouse (ဤတည်နေရာအတွက် ပါမစ်များမပေးသော်လည်း အရင်ရောက်သူ အရင်ဝန်ဆောင်မှုရယူရန် အခြေခံပုံစံဖြင့် အသုံးပြုနိုင်ပြီး အများပြည်သူအတွက် အချိန်ပြည့် ဖွင့်ပေးထားပြီး ဝင်ရောက်နိုင်ရမည်)
- Waterfront Park
- Louisa Howard Chapel

ရရှိနိုင်သော တည်နေရာများနှင့် ရက်စွဲများနှင့် ပတ်သက်ပြီး အတည်ပြုရေး နှင့် ကြိုတင်မှာကြားရေး လုပ်ငန်းစဉ်အကြောင်း ထပ်ဆောင်းအချက်အလက်များ ရရှိလိုပါက ကျေးဇူးပြု၍ ဖုန်းနံပါတ် (802) 865-7247 ကို ခေါ်ဆိုပေးပါ။

## အားကစားကွင်းများ

ငှားရမ်းနိုင်သော အားကစားကွင်းများက အောက်ပါ ပန်းခြံများအတွင်း တည်ရှိပါသည် -

- Calahan Park - မျိုးစုံသုံး အားကစားကွင်း၊ ဘေ့စ်ဘော/ဆော့ဖ်တ်ဘော ကွင်းများ
- Leddy Park - မျိုးစုံသုံး အားကစားကွင်း၊ လူကြီး ဆော့ဖ်တ်ဘော နှင့် လူငယ် ဆော့ဖ်တ်ဘော ကွင်းများ
- Starr Farm Park – မျိုးစုံသုံး အားကစားကွင်း
- Roosevelt and Shiffilliti Park လူငယ် ဘေ့စ်ဘော/ဆော့ဖ်တ်ဘော ကွင်းများ

### ကြိုတင်နေရာယူခြင်းများ

တောင်းဆိုချက်များ သို့မဟုတ် မေးခွန်းများရှိပါက ဖုန်းနံပါတ် (802) 865-7247 ကို ကျေးဇူးပြု၍ ခေါ်ဆိုပေးပါ။ ကွင်းအတွက် ကြိုတင်နေရာယူခြင်းကို Burlington တွင်ရှိ ကျောင်းနှင့် ပန်းခြံ ဆက်စပ်လှုပ်ရှားမှုများအတွက် ဦးစားပေးပါသည်။

### အသုံးပြုနိုင်သော ပစ္စည်းကိရိယာများ

- အမှိုက်/ပြန်လည်ပတ်အသုံးပြုပစ္စည်း ထည့်ရန်ပုံးများ
- နားနေခန်းများ

### စည်းမျဉ်းများနှင့် စည်းကမ်းများ

- အားကစားကွင်းတစ်ခုကို ငှားရမ်းရန် အနိမ့်ဆုံးအသက်အရွယ်မှာ ၁၈ နှစ် ဖြစ်ပါသည်။
- ခရက်ဒစ်ကတ်နံပါတ်ဖြင့် စရံငွေထည့်သွင်းမှု လိုအပ်နိုင်ပါသည်။
- စိုစွတ်သော ဥတုရာသီအတွင်း အားကစားကွင်းများသုံးရန် ခွင့်မပြုပါ။
- ရောင်ခြည်မျဉ်းများ၊ ဘေ့စ်ဘော ဂိုးတိုင်များ၊ မြေတွင်းသံရိုက်သွင်းခြင်း စသည်တို့ကို ခွင့်မပြုပါ။
- အတည်ပြုချက်မရှိဘဲ အသံချဲ့စက် အသုံးပြုခွင့်မရှိပါ။
- အားကစားကွင်းများကို အပန်းဖြေရန် ရည်ရွယ်ချက်အတွက်သာ အသုံးပြုသင့်ပါသည်။
- သဘာဝအားဖြင့် ပါဝင်သူ ၂၀ ဦးထက်ပိုပြီး ဖွဲ့စည်းတည်ဆောက်ထားသော ပြိုင်ပွဲ သို့မဟုတ် ကစားပွဲတစ်ခုခုအတွက် တရားဝင် ကွင်းငှားရမ်းမှုတစ်ခု လိုအပ်ပါသည်။

အားကစားကွင်း ကြိုတင်နေရာယူမှုများကို Code of Ordinances of the City of Burlington (Burlington မြို့တော်၏ ဥပဒေပြဋ္ဌာန်းချက်များ)၊ Rules and Regulations of the Burlington Parks, Recreation and Waterfront Department (Burlington ပန်းခြံများ၊ အပန်းဖြေမှုနှင့် ကမ်းနားဆိုင်ရာ စည်းမျဉ်းများနှင့် စည်းကမ်းများဌာန)၊ http://www.burlingtonvt.gov/Attorney/Municipal-Code တွင်း အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။

## Miller Community & Recreation Center

Burlington မြို့တော်၏ မြောက်ပိုင်းမြို့သစ်အစပ် တွင်ရှိသော Hunt Middle School နှင့် CP Smith Elementary School တို့နှင့် ကပ်လျက် အဆင်တပြေ တည်ရှိသော Miller Center က အောက်ပါတို့အပါအဝင် လှုပ်ရှားမှုအမျိုးမျိုးအတွက် နေရာပေးအပ်ပါသည် -

- **အားကစားခန်းမ** - ကွန်ကရစ်မဟုတ်သော ကြမ်းပြင်၊ လူအယောက် ၇၀ ဆံ့သည့် ရွှေ့နိုင်သော ပွဲကြည့်စင်များ၊ လျှပ်စစ်အမှတ်ပေးဘုတ်၊ သိမ်းနိုင်ထုတ်နိုင်သော ဘက်စကက်ဘောခြင်း၊ အားကစားကွင်း ခွဲထုတ်ပေးသည့်အရာနှင့် နားနေခန်းများ၊ ရေချိုးခန်းများနှင့် ဗီရိုများပါသည့် ဗီရိုခန်းများ ပါရှိသော ၇၀၀၀ စတုရန်းပေ ကျယ်ဝန်းသည့် အထက်တန်းကျောင်း အရွယ်အစား ဘက်စကက်ဘောကွင်း။
- **အသိုင်းအဝိုင်း ခန်းမ** - ၁၈၀၀ စတုရန်းပေ ကျယ်ဝန်းသော စွယ်စုံသုံးနေရာ၊ ဗီဒီယိုပြစက်နှင့် ပိတ်သားပြင်၊ ခန်းမပတ်လည်အသံထွက်သည့် စက်၊ စားပွဲများနှင့် ထိုင်ခုံများ၊ လူအယောက် ၁၂၀ စာ ထိုင်စရာနေရာ။ အစားအသောက်ပံ့ပိုးသူများအတွက် ပြင်ဆင်ရန်နှင့် ချက်ပြုတ်ရန် မီးဖိုခန်းအသေးစားတစ်ခု ပါဝင်သည်။
- **ကလေးငယ်များအတွက် ခန်းမ** -မွေးနေ့ပါတီပွဲများနှင့် အဖွဲ့လိုက်ကစားရန်သာမက အစည်းအဝေးငယ်များအတွက်လည်း အကောင်းဆုံးဖြစ်ပါသည်၊ အခန်းတွင်း လက်ဆေးကန်နှင့် ကောင်တာနေရာ၊ အရုပ်များ၊ ကလေးကစားစရာ အိမ်များနှင့် ကလေးအရွယ်အစား စားပွဲများနှင့်ထိုင်ခုံများ ရှိပါသည်။ ကလေးငယ်များအတွက် ခန်းမအတွင်း ကျွန်ုပ်တို့၏ Fletcher Free Library ဝဲစာကြည့်တိုက် အငယ်စား၀ လေးကို ထည့်သွင်းထားရှိပါသည် - သင်လာရောက်ချိန်တွင် စာအုပ်တစ်အုပ် လွတ်လွတ်လပ်လပ် ငှားယူပါ။  လူ ၂၅ ယောက် ထိုင်စရာနေရာ
- **ကိုယ်လက်ကြံ့ခိုင်ရေး စတူဒီယို** - အားကစားခန်းမ အလွန်တွင် တည်ရှိပြီး ၁၁၀၀ စတုရန်းပေ ကျယ်ဝန်းသော ကိုယ်လက်ကြံ့ခိုင်ရေး ခန်းမတွင် သစ်သားကြမ်းခင်း၊ နံရံပြည့်မှန်များ၊ ဂီတစနစ်နှင့် သဘာဝအလင်းရောင်ကောင်းကောင်းရှိကာ လှုပ်ရှားမှုအလိုက် လူဝင်ဆံ့မှု ကွဲလွဲပါသည်။
- **အနုပညာ ခန်းမ** - အားကစားခန်းမနှင့် ကပ်လျက်တည်ရှိပြီး ဤစာသင်ခန်းနေရာက ကောင်တာများ၊ လက်ဆေးကန်၊ လူအယောက် ၃၀ အထိစာ စားပွဲနှင့် ထိုင်ခုံများ ကမ်းလှမ်းပေးပါသည်။
- **ကွန်ဖရင့် ခန်းမ** - ညှော်ခန်းအလွန်တွင် တည်ရှိပြီး ငြိမ်ဆိမ်၊ သက်သောင့်သက်သာ ရှိသော နေရာက အစည်းအဝေးများ စသည်တို့ ပြုလုပ်ရန် အများပြည်သူအား အခမဲ့ ကမ်းလှမ်းပါသည်၊ လူ ၁၂ ယောက် ထိုင်စရာနေရာနေရာရှိပြီး၊ အခမဲ့ ဖြစ်သည်

ကြိုတင်နေရာယူခြင်းများက နှစ်ပတ်ကြိုတင်၍ ပယ်ဖျက်ရန် မူဝါဒ သက်ရောက်ပါသည်။  ၁၄ ရက်ထက် လျော့နည်းအသိပေးပြီး ကြိုတင်နေရာယူထားခြင်းကို ပယ်ဖျက်ခြင်းက အခြားအသုံးပြုသူထံ ထပ်မံငှားရမ်းမှု မပြုနိုင်သေးသရွေ့ စျေးနှုန်းအပြည့် ငွေတောင်းခံမည်ဖြစ်သည်။ Miller မှ ဝန်ထမ်းက အခြားတစ်နည်းနည်းဖြင့် သဘောမတူသရွေ့ ငှားရမ်းခများ ပေးချေခြင်းများကို ကြိုတင်နေရာယူမှု စီစဉ်သည့်အချိန်တွင် အပြည့်ပေးရမည် ဖြစ်ပါသည်။

**Miller Recreation Center တွင် နေရာကြိုတင်ယူရန် ကျွန်ုပ်တို့ထံ အီးမေးလ်ပို့ပါ။**

## Leddy Ice Arena

စကိတ်စီးမှုပါသည့် ပွဲအစီအစဉ်များအတွက် ရေခဲပြင်များ ငှားရမ်းရရှိနိုင်ပါသည်။ အိုလံပစ်ကွင်း အရွယ်အစား အားကစားရုံ အသုံးပြုခြင်းပါဝင်သည့် မွေးနေ့ပါတီပွဲများကဲ့သို့သော ပွဲအစီအစဉ်များအတွက် အသုံးပြုနိုင်သော ထိုင်စရာခန်းမလည်း ကျွန်ုပ်တို့ထံတွင် ရှိပါသည်။

**Leddy Ice Arena တွင် နေရာကြိုတင်ယူရန် ကျွန်ုပ်တို့ထံ အီးမေးလ်ပို့ပါ။**

## The CORE (Center of Recreation & Education - အပန်းဖြေမှုနှင့် ပညာရေး စင်တာ) ONE အသိုင်းအဝိုင်းစင်တာတွင် ရှိပါသည်

မြောက်ပိုင်း မြို့ဟောင်းအစပ်ရှိ 20 Allen Street တွင် တည်ရှိသော BPRW သည် ONE အသိုင်းအဝိုင်းစင်တာ ၏ ဒုတိယထပ်ကို စီမံခန့်ခွဲပါသည်။ ကျွန်ုပ်တို့ထံတွင် ငှားရမ်းရရှိနိုင်သော စာသင်ခန်း၊ အသိုင်းအဝိုင်းအတွက် ခန်းမများနှင့် အားကစားခန်းမများ အမြောက်အများရှိပါသည်။ အချက်အလက် ပိုမိုရရှိရန် ဖုန်းနံပါတ် 802-865-7088 ကို ခေါ်ဆိုပေးပါ။

## Schmanska Barn

အရှေ့ပိုင်းအစပ်တွင် တည်ရှိပြီး Schmanska Park ရှိ ငှားရမ်းနိုင်သော ကျီတစ်ခုဖြစ်ပါသည်။ ဤတည်နေရာသည် အငယ်စား သီးသန့်ပါတီပွဲများ၊ အသိုင်းအဝိုင်း အစည်းအဝေးများ သို့မဟုတ် လုပ်ငန်းသဘောအရ တွေ့ဆုံပွဲများအတွက် အကောင်းဆုံးဖြစ်ပါသည်။ Schmanska Barn ကို တစ်နှစ်ပတ်လုံး ငှားရမ်းရရှိနိုင်ပြီး နွေဦးရာသီ၊ နွေရာသီနှင့် ဆောင်းဦးရာသီအစောပိုင်းတွင် လူ ၆၀ ဝင်ဆံ့ပြီး ဆောင်းရာသီတွင် လူ ၃၀ ဝင်ဆံ့ပါသည်။ ဤတည်နေရာက ငှားရမ်းသူအားလုံးအနေဖြင့် ၎င်းတို့ကိုယ်တိုင် ဖွင့်ခြင်း၊ သန့်ရှင်းခြင်းနှင့် ပိတ်သိမ်းခြင်း ပြုလုပ်ရန်လိုအပ်ပါသည်။ ဖွင့်ပုံ လမ်းညွှန်များနှင့်အတူ Barn ကိုဖွင့်ခြင်း အသုံးပြုခွင့်အား သင်ငှားရမ်းမှုမတိုင်မီ ၄၈ နာရီအတွင်း ပေးအပ်မည်ဖြစ်ပြီး သင့်အသုံးပြုမှု အဆုံးသတ်တွင် အွန်လိုင်းမှ သင်ဖြည့်ရန် ဝပိတ်သိမ်းခြင်း လုပ်ထုံးလုပ်နည်းများဝ ဖောင်ပုံစံတစ်ခုရှိပါသည်။ ငှားရမ်းမှု တစ်ခုပြီးတိုင်း သန့်ရှင်းမှုနှင့် ပျက်စီးမှု ရှိမရှိ Barn ကို စစ်ဆေးမည်ဖြစ်သည်။

ငှားရမ်းမှုအတွက် မေးမြန်းစုံစမ်းမှု သို့မဟုတ် မေးခွန်းများရှိပါက ကျေးဇူးပြု၍ modaniel@burlingtonvt.gov သို့ အီးမေးလ်ပို့ပါ။

**အသုံးပြုနိုင်သည့် ပစ္စည်းကိရိယာများ**

- ရေချိုးခန်း
- လျှပ်စစ်မီး
- စားပွဲ ၁၀ လုံး (အရွယ်အစား အမျိုးမျိုး)
- ခေါက်ကုလားထိုင် အလုံး ၃၀
- ဆောင်းရာသီတွင် အပူပေးထားသော နေရာ
- သန့်ရှင်းရေးလုပ်ရန် အထောက်အပံ့ပစ္စည်းများ
- Barn ၏ ရှေ့တည့်တည့်ရှိ မြက်ခင်းဧရိယာ အသုံးပြုခြင်း

**စည်းမျဉ်းများနှင့် စည်းကမ်းများ**

- ကျီကို ငှားရမ်းရန် အသက် ၁၈ နှစ် သို့မဟုတ် အထက် ဖြစ်ရမည်။
- ဖွင့်ခြင်း နှင့် ပိတ်ခြင်း/ သန့်ရှင်းရေးလုပ်ခြင်း လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။
- ဘွတ်ကင်ယူချိန်တွင် ကြိုတင်နေရာယူမှုအတွက် ငွေပေးချေရမည်။
- ၎င်းတို့၏ ကြိုတင်နေရာယူမှု အတောအတွင်း ပေါ်ပေါက်ခဲ့သည့် ပျက်စီးမှုတစ်ခုခုအတွက် ငှားရမ်းသူတွင် တာဝန်ရှိပါသည်။